မိတ်ကျွာ့ချိုချိုအနုရေးသား

ထွင့်ခေါင်ဆရာတော် ... စသော
နိကာယဏ္ဍာဝပါရဂူ ဖြစ်တော်မူကြသော
ဆရာတော်ကြီးများ၏
တရားအဆီအနှစ်များ စုပေါင်းထားအပ်သော

# နိဗ္ဗာန်ပေါက်လမ်း ကျင့်စဉ်ကျမ်း

mgyoe.com

မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

TAYA0059
900.00 KS

mgyoe.com

နိဗ္ဗာန်ပေါက်လမ်း ကျင့်စဉ်ကျမ်း။ ထွင့်ခေါင်ဆရာတော်နှင့်အခြား
စာမျက်နှာ ၅၀++ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၅၀၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ထုတ်မူ၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


- ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းသံပေါက် ၃
- ခန္ဓာ ၅ ပါး ၈
- လိုက်နာရမည့် ပုညကြိယဝေါ် ကုသိုလ် ၁၀ ပါး ၈
- ရှောင်ကြဥ်ရမည့် ဒုစရိုက် ၁၀ ပါး ၉
- အနိစ္စ ဆောင်ပုဒ်လင်္ကာ ၁၀
- ဒုက္ခ ဆောင်ပုဒ်လင်္ကာ ၁၁
- အနတ္တ ဆောင်ပုဒ်လင်္ကာ ၁၁
- ရုပ်နာမ်ချုပ်ငြိမ်း ချမ်းသာကိန်း ၁၃
- သေချိန်ကို မသိနိုင် ၁၃
- လယ်တီဆရာတော်ဘုရားကြီး ဆုံးမစာ ၁၄
- မြဝတီဆရာတော်ဘုရား ဆုံးမစာ ၁၅
- ဂုဏ်ထူးအားဖြင့် နိဗ္ဗာန်အမျိုးပြားပုံ ၁၆
- တစ်နည်း ၃ မျိုး ၁၆
- တစ်နည်း ၂ မျိုး ၁၆


mgyoe.com

mgyoe.com


- နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးများ ၁၇
- နိဗ္ဗာန်ရောက်ရန်တရားများ ၁၇
- မဂ္ဂင် ၈ ပါး အကျယ်ဝေဖန်ခြင်း ၁၈
- သစ္စာ ၄ ပါး တရား ၂၀
- နိဗ္ဗာန်သွားရာလမ်းကို ပေါင်းရုံးပြခြင်း ၂၀
- ဘာဝနာခန်း ၂၂
- ကသိုဏ်း ၁၀ ပါး ၂၃
- အသုဘ ၁၀ ပါး ၂၃
- အနုဿတိ ၁၀ ပါး ၂၄
- အပ္ပမညာ ၄ ပါး ၂၅
- အာရုပ္ပ ၄ ပါး ၂၆
- ဝိသုဒ္ဓိ ၇ ပါး ၂၇
- ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများပုံ ၂၉
- ဝိပဿနာဉာဏ် ၁၀ ပါး ၂၉
- ပဋိစ္စသမုပ္ပာဒ်ခေါ် အကြောင်းအကျိုးတရား ၃၀
- ပဋိစ္စသမုပ္ပာဒ် မြန်မာဘာသာ ၃၀
- အရိယာဖြစ်ရန် လုပ်ငန်း ၃၉
- ဒုစရိုက် ၁၀ ပါး ပယ်စဉ် ၄၄
- ဘာဝနာလေးဆယ် ၄၆
- အဘိဇ္ဈာသုတ် မြန်မာဘာသာပြန် ၄၉


---

mgyoe.com

mgyoe.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မမေ့လျော့သင့်။ ။ လောကတွင် လူ၏ အဖြစ်သည် ရခဲ၏။ သာသနာတော် ပွင့်လင်းသည့်ခေတ်နှင့် ကြုံကြိုက်ခဲ၏။ ရဟန်းအဖြစ်သည် ရခဲ၏။ သဒ္ဓါတရားနှင့် ပြည့်စုံသောသူ၏ အဖြစ်သည် ရခဲ၏။ ထိုထက် သူတော်ကောင်းတရား ကြားနာရခြင်းသည် သာလွန်၍ပင် ရခဲ၏။ ကျွန်ုပ်တို့သည် ရှေးအကြောင်းကောင်းသည့်အတွက် ထို ရခဲခြင်း ဒုလ္လဘ ၅ မျိုးစလုံးနှင့် ကြုံတွေ့နေရာ ဤဘဝတွင်လည်း လွန်ခဲ့ကုန်သော ဘဝအထွေထွေတို့နည်းတူ သံသရာဝဲသြဃတွင် နစ်မြုပ်မျောပါး ကျင်လည် ပြေးသွား၍သာ ဘဝကို အဆုံးခံကြတော့မည်လော။

သမ္ဘဝသတ္တာ၊ ဝေနေယျာ၊ သံသာရှည်လှပြီ။
သုံးပါးညီးညီး၊ လောင်မီးကြီး၊ ဖိစီးလှလေပြီ။
လောင်မှန်းမသိ၊ မောဟဖိ၊ မိမိမိုက်လှပြီ။

mgyoe.com

mgyoe.com


ဆိုသော ထွင့်ခေါင်ဆရာတော်ဘုရား၏ လက်ာအတိုင်း သတိတရား ရသင့်ကြချေပြီ။ ယခုအခါ လူများစွာပင် ဘဝ ဘဝများက နည်းအတိုင်းပင် မိမိဝမ်းရေးအတွက် ပြေးရလွှားရနှင့် အလွန်ဒုက္ခဆိုက်ရောက်နေရာ 'ကြီးငယ်မဟူ၊ ကိုယ့်ရွယ်တူ၊ ခုမူသေလှပြီ' ဆိုဘိသကဲ့သို့ သေသူတို့သည်လည်း သေကြလှပြီ။ သို့နှင့်ပင် သံဝေဂမရဘဲ ရှိကြတော့မည်လော။ (အနိစ္စ) အမြဲမရှိ။ (ဒုက္ခ) ဆင်းရဲခြင်း၊ (အနတ္တ) မိမိကိုယ်ကို မိမိ အစိုးမရပါတကားဟု ဗုဒ္ဓဘာသာများစွာတို့၏ နှုတ်တွင် တတွတ်တွတ် ရွတ်ဆိုသော်လည်း တရားလက်လွတ် ငက်တောင်ကျွတ် ဆိုသလို ဖြစ်နေသူတို့သည် နောင်တတရား ရထိုက်ကြချေပြီ။

**တိုက်တွန်းချက်။** ။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ယခုနှစ် ယခုအချိန်ကစ၍ ပုညကြိယာ ၁၀ ပါးတို့ကို လိုက်နာကျင့်ဆောင်ထိုက်ကြချေပြီ။ ယခုကစ၍ ဗုဒ္ဓဘာသာတို့သည် ၁၀ ပါးသော ဒုစရိုက်တို့ကို ရှောင်ကြဉ်သင့်ကြပြီ။ မိုးညှင်းဆရာတော်ဘုရားကြီး သွန်သင်ဆုံးမတော်မူသည့်အတိုင်း အိုဘေးကြီး၊ နာဘေးကြီး၊ သေဘေးကြီးတို့ အစဉ်ထိုးနှက်နေသော ဤခန္ဓာကိုယ်ကို ဝိပဿနာဉာဏ်ဖြင့် မှောက်လှန်၍ ကြည့်ရှုထိုက်ပြီ။ ၃၁ ဘုံ ကျင်လည်ကုန်သောသူတို့အား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်စိတ်များ ထားရှိသင့်ကြပြီ။ အလုံးစုံသော ဒါနတွင် ဓမ္မဒါန မြတ်၏။ အလုံးစုံသော အရသာတွင် ဓမ္မအရသာက အောင်၏။ အလုံးစုံသော မွေ့လျော်ခြင်းတွင် ဓမ္မ မွေ့လျော်ခြင်းက အောင်၏။ သံသရာဝဲဩဃကို တဏှာကို ဖြတ်ခြင်းဖြင့် အောင်၏။ ထိုကြောင့် ယနေ့ယခုကစ၍

mgyoe.com

mgyoe.com


ဗုဒ္ဓဘာသာ အားလုံးပင် ဘဝ ဘဝက မေ့လျော့ကာ သံသရာတွင် ကျင်လည်ပျော်ပါးလာခဲ့ရသောအဖြစ်ကို အောက်မေ့ကာ၊ ထိုမေ့လျော့ပေါ့ဆမှုကို ပယ်ဖျက်ကာ ဒါန၊ သီလ၊ ဘာဝနာတို့ကို နာနာကြီး ကြိုးစားထိုက်ကြပြီ ဖြစ်ကြောင်း ကောင်းမြတ်သော စေတနာဖြင့် တိုက်တွန်းစကား ရေးသားလိုက်ရပေသတည်း။

---

**ထွဋ်ခေါင်ဆရာတော်ဘုရားကြီး၏ ကမ္ဘဋ္ဌာန်းသံပေါက်**

သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသာ ရှည်လှပြီ။
အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြမရှိပြီ။
ရအဲ့နိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။
သုံးပါးညီးညီး၊ လောင်မီးကြီး၊ ဖိစီးလှလေပြီ။
လောင်မှန်းမသိ၊ မောဟဖိ၊ မိမိ မိုက်လှပြီ။
ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီ။
ကာမဂုဏ်မွဲ၊ သည်မိုက်နဲ၊ မခွဲနိုင်ကြပြီ။
မခွဲနိုင်ကြ၊ လူ့ဗာလ၊ မိုက်စ သိမ်းသင့်ပြီ။
ဂင်္ဂါသဲတူ၊ ပွင့်တော်မူ၊ ဆူဆူများလှပြီ။
များအသချေ၊ ရှင်စောတွေ၊ ရှောင်သွေခဲ့လှပြီ။
တစ်ဆူမသင့်၊ တစ်ဆူသင့်၊ ဖူးခွင့်တွေ့ထိုက်ပြီ။
မတော်မတရား၊ ကျင့်ဖောက်ပြား၊ မိုက်အားကြီးလှပြီ။
အလိုမလိုက်၊ သည်အမိုက်၊ ပယ်ထိုက်သင့်လှပြီ။
မပယ်မချိုး၊ ဆင်ကန်းတိုး၊ ဟုတ်နိုးထင်လှပြီ။
ဟုတ်နိုးသမှု၊ ထင်တိုင်းပြု၊ ယခုတိုင်ခဲ့ပြီ။

mgyoe.com

mgyoe.com


တရားလက်လွှတ်၊ ငှက်တောင်ကျွတ်၊ ဝဋ်နှင့် မကင်းပြီ။
မနုဿတ္တ၊ ဒုလ္လဘာ၊ မရ များလှပြီ။
အရတော်စွ၊ သည်ဘဝ၊ လှလှကျင့်ထိုက်ပြီ။
ကြုံကြိုက်တော်စွာ၊ သာသနာ၊ ရောင်ဝါထွန်းလှပြီ။
သတိရရ၊ မြတ်ပုည၊ ပြုကြကောင်းသင့်ပြီ။
တစ်နေ့တစ်နေ့၊ နက်ဖြန်ရွှေ့၊ မမေ့ကောင်းသင့်ပြီ။
ငါ့ကိုယ် ငါ့သား၊ ငါ့မယား၊ ထင်မှားလှလေပြီ။
ထင်မှားတတ်စွာ၊ သက္ကာယာ၊ မိစ္ဆာကင်းသင့်ပြီ။
ငါးခုခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။
သမ္မသန၊ ဉာဏ်အစ၊ ထင်လှသင့်ကြပြီ။
နင်ဖြင့်နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကိုယ်အမှုသည်။
နင်မဆုံးမ၊ နင့်တာပ၊ ဘယ်ကခံလိမ့်မည်။
နှလုံးဖုံဖုံ၊ ထုံတုံတုံ၊ နင့်ပုံကြော့ကြမ်းသည်။
နင့်နှင့်နင့်ကံ၊ စီရင်ဖန်၊ အမှန် ဖြစ်တော့သည်။
ယခုနင့်ကိုယ်၊ နင့်အလို၊ ဘယ်ကိုပြည့်စုံသည်။
နင့်ကိုယ်နင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်။
နင့်ကိုယ်နင့်အား၊ နင်မသနား၊ နင်မှားရှာတော့မည်။
ဒါနသီလာ၊ ဘာဝနာ၊ နင်သာပြုသင့်သည်။
ဇာတိဇရာ၊ မရဏာ၊ မကြာ နင်တွေ့မည်။
မျက်တောင်တစ်ရှက်၊ လျှပ်တစ်ပြက်၊ နင့်သက် သေလိမ့်မည်။
ဘယ်နှစ် ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွေးပြီ။
ကြီးငယ်မဟူ၊ ကိုယ့်ရွယ်တူ၊ ခုမူသေလှပြီ။
အမှန်သေရိုး၊ ထိုလူမျိုး၊ ကြောက်စိုးရွံ့သင့်ပြီ။

mgyoe.com

mgyoe.com


မသွင်းနှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှလေပြီ။
ခန္ဓာကြွေလျော၊ ရှိပြန်သော၊ ပူဓောလောင်လှပြီ။
သွားကျိုး ဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူမကြောက်ပြီ။
ဤသည်မယား၊ ဤသည်သား၊ မီးပွားမှန်တော့သည်။
ခယဝယ၊ ဘိဇ္ဇန၊ ပျက်ကြလှလေပြီ။
အပိယေဟိ၊ ပိယေဟိ၊ ဒုက္ခိကြုံလေပြီ။
ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။
နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ ရောက်အောင်ပြုသင့်ပြီ။
မပြုပါဘဲ၊ နင်ရှောင်လွှဲ၊ နင်ပဲမိုက်လှပြီ။
ယုတ္တိယုတ္တာ၊ နင်ဆင်ကာ၊ နင်သာဟန်များသည်။
ဘုရား သွားသွား၊ ကျောင်း သွားသွား၊ စိတ်ထားနင်မကြည်။
ဒါန သီလာ၊ နင်ပြုကာ၊ စေတနာဓောမကြည်။
သို့စဉ်ပြုလို၊ နင့်ကုသိုလ်၊ ဘယ်ကိုပေးလိမ့်မည်။
လောကုတ္တရာ၊ မြိုက်ဩဇာ၊ နင်သာဝေးလှသည်။
ဓောစိတ်သန့်သန့်၊ ကုသိုလ်မှန်၊ နင်ကြံပြုရမည်။
သို့ပြုမှသာ၊ ပြည်ခေမာ၊ နင်သာနီးရမည်။
ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့နှလုံးတည်။
အနမတဂ္ဂ၊ သံသာရ၊ ကြာလှလေကုန်ပြီ။
ဂင်္ဂါဝါလု၊ ပမာပြု၊ သဲစုမကပြီ။
တဇာ့ာ၏နောက်၊ တကောက်ကောက်၊ လိုက်ထောက်မသင့်ပြီ။
တဇာ့ာမြစ်မ၊ ပင်လယ်ဝ၊ နစ်ကြလေကုန်ပြီ။
တဇာ့ာလည်းပွား၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။
တဇာ့ာပို့တင်၊ ပါယ်လေးခွင်၊ လျှင်စွာရောက်လေပြီ။

mgyoe.com

mgyoe.com


သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။
ဝေဘူတောင်မှျ၊ ပမာပြ၊ အရိုးမကပြီ။
နစ်တုံပေါ်တုံ၊ သုံးပါးဘုံ၊ ကြုံရလှလေပြီ။
ချမ်းသာမငွေ့၊ ဆင်းရဲတွေ့၊ ငြီးငွေ့သင့်လှပြီ။
အဝိဇ္ဇန္တ၊ သည်မောဟ၊ ညှဉ်းဆဲလှလေပြီ။
နီဝရဏ၊ ဆီးတားကြ၊ လမ်းစမဆုံးပြီ။
ဂတိငါးပါး၊ ဆုံလည်နွား၊ သွား၍မဆုံးပြီ။
ဘဝတိုင်းသေ၊ သင်္ချိုင်းမြေ၊ ပွားစေလှလေပြီ။
လမ်းကောက်လည်းသွား၊ လူအများ၊ အမှားကြိုက်ခဲ့ပြီ။
လမ်းကြောင်းမမှန်၊ မြိုက်နိဗ္ဗာန်၊ ကေန်လွှဲခဲ့ပြီ။
ဘဝမဆုံး၊ ဒုက္ခတုံး၊ လုံးလုံးခံရပြီ။
လောကမျက်ရှု၊ သဗ္ဗညု၊ ယခုရှိရဲ့မင်း။
ဘုရားဖြစ်ခါ၊ သာသနာ၊ ရောင်ဝါတဝင်းဝင်း။
မနုဿသတ္တ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
ဗြဟ္မာ့ပြည်က၊ အပ်ကိုချ၊ မြေကအပ်တစ်စင်း။
အပ်သွားချင်းသာ၊ ထိဖွယ်ရာ၊ ပမာမှတ်ကြမင်း။
နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ၏မင်း။
သဒ္ဓါဗလဝ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
အရတော်ခိုက်၊ လူတဝိုက်၊ ခဲလိုက်ကြကုန်မင်း။
ကိုယ့်ဖို့မရ၊ သည်နောင်တ၊ ဖြစ်တတ်ကြ၏မင်း။
ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၏မင်း။
ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။
မြတ်သည်ကိုမှ၊ မသိကြ၊ ဗာလနှလုံးသွင်း။

mgyoe.com

mgyoe.com


ဗာလဖြစ်က၊ လူ့ပါပ၊ ကြာကြကုန်ပြီမင်း။
လူဖြစ်ကျိုးမှ၊ မခံရ၊ ရှုံးလှလေ၏မင်း။
ဘဝတိုင်းရှုံး၊ လူကျောက်တုံး၊ စုံးစုံးမြုပ်၏မင်း။
စုံးစုံးမြုပ်ကာ၊ မပေါ်လာ၊ ကြမ္မာမှောက်၏မင်း။
နိဗ္ဗာန်လမ်းစ၊ ဤသို့ပြ၊ မှတ်ကြနှလုံးသွင်း။
ကလျာဏမိတ္တ၊ ပဏ္ဍိတ၊ ပေါင်းဖော်ရ၏မင်း။
ထိုကလျာဏ၊ ဆိုဆုံးမ၊ လိုက်နာရမည်မင်း။
ယောနိသောမန၊ သိကာရ၊ နှေ့ညနှလုံးသွင်း။
သီလ ဓုတင်၊ ဆောက်တည်လျှင်၊ သည်တွင် အစမင်း။
အလောဘ၊ အဒေါသ၊ အမောဟ၊ နိက္ခမ၊ ဝိဝေက။
နိဿရဏ၊ ဤခြောက်ဝကို၊ အလိုရှိကြမင်း။
ရွှေပြည်သနစ်၊ သာသည့်ခေတ်၊ စိစစ်ကြကုန်မင်း။
ရွှေပြည်ချမ်းသာ၊ စံချင်ရှာ၊ ဆိတ်ငြိမ်ရာသို့ချဉ်း။
အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်၊ အသုဘကောင်၊
ထင်အောင်နှလုံးသွင်း။
အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံး၊
လုံးလုံးမှတ်ကြမင်း။
ဤသို့ထင်မှ၊ မဂ်လမ်းစ၊ ရမည်မှန်စင်းစင်း။
မဂ္ဂင်ဖောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီး အမတ၊ နိရောဓ၊
ရမည်မှတ်ကြမင်း။

---

mgyoe.com

mgyoe.com


**ခန္ဓာ ၅ ပါး**

အနိစ္စာမေ ပဉ္စက္ခန္ဓာ၊ အနိစ္စာယ မရိယန္တိ။
မရဏန္တံ ဂမိတွာန၊ ဣမံ ကာယံ ခိပိဿန္တိ။

မေ၊ ငါ၏။ ဣမေပဉ္စက္ခန္ဓာ၊ ဤရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ခန္ဓာ ၅ ပါးတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ အနိစ္စာယ၊ အမြဲမရှိခြင်းကြောင့်။ မရိယန္တိ၊ သေရကုန်လတ္တံ့။ မရဏန္တံ၊ သေခြင်းအဆုံးသို့။ ဂမိတွာန၊ ရောက်၍။ ဣမံကာယံ၊ ဤကိုယ် အကောင်ပုပ်ကို။ ခိပိဿန္တိ၊ တစပြင်သို့ ပျဉ်တလားနှင့် ပစ်ရလတ္တံ့သတည်း။

ရူပက္ခန္ဓာ၊ ရုပ်အစု။ ဝေဒနာက္ခန္ဓာ၊ ဝေဒနာကို ခံစားတတ်မှု အစု။ သညာက္ခန္ဓာ၊ အာရုံတို့ကို အမှတ်ပြု၍ သိမှု အစု၊ သင်္ခါရက္ခန္ဓာ၊ ကုသိုလ် အကုသိုလ်ကို စေ့ဆော်မှု ပြုပြင်မှု အစု။ ဝိညာဏက္ခန္ဓာ၊ အာရုံကို ရှေ့ဆောင်သိမှုအစု။

---

**လိုက်နာရမည့် ပုညကြိယဝတ္ထု ကုသိုလ် ၁၀ ပါး**

၁။ ဒါန - အလှူပေးခြင်း။
၂။ သီလ - သီလဆောက်တည်ခြင်း။
၃။ ဘာဝနာ - ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း။
၄။ အပစာယန - ဆရာသမား၊ မိဘ၊ ရတနာ သုံးပါးတို့အား အရိုအသေပြုခြင်း။
၅။ ဝေယျာဝစ္စ - ၄င်းတို့၏အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း။

mgyoe.com

mgyoe.com


၆။ ပတ္တိဒါန - ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း။
၇။ ပတ္တာနုမောဒန - သူတစ်ပါးကုသိုလ်အဖို့ကို သာဓုခေါ်ခြင်း။
၈။ ဓမ္မဿဝန - တရားနာယူခြင်း။
၉။ ဓမ္မဒေသနာ - တရားဟောခြင်း။
၁၀။ ဒိဋ္ဌိဇုကမ္မ - အယူကို ဖြောင့်မတ်စွာယူခြင်း။

---

ရှောင်ကြဉ်ရမည့် ဒုစရိုက် ၁၀ ပါး

၁။ ပါဏာတိပါတ - သူ၏ အသက်ကိုသတ်ခြင်း။
၂။ အဒိန္နာဒါန - သူ၏ ဥစ္စာကို ခိုးယူခြင်း။
၃။ ကာမေသု မိစ္ဆာစာရ - သူ၏ သားမယားကို ကျူးလွန်ခြင်း။

*ဤ ၃ ပါးမှာ ကာယဒုစရိုက်။*

၄။ မုသာဝါဒ - မဟုတ်မမှန် ပြောဆိုခြင်း။
၅။ ပိသုဏာဝါစာ - ချောပစ် ဂုံးတိုက်ခြင်း။
၆။ ဖရုသဝါစာ - ကြမ်းတမ်းစွာ ပြောဆိုဆဲရေးခြင်း။
၇။ သမ္ဖပ္ပလာပ - အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း။

*ဤ ၄ ပါးမှာ ဝစီဒုစရိုက်။*

၈။ အဘိဇ္ဈာ - သူတစ်ပါး၏ စည်းစိမ်ကို ရှေးရှုကြံစည်ခြင်း။
၉။ ဗျာပါဒ - သူတစ်ပါး သေကျေ ပျက်စီးအောင် တောင့်တခြင်း။

mgyoe.com

mgyoe.com


၁၀။ မိစ္ဆာဒိဋ္ဌိ - မှားသော အယူကို ယူခြင်း။

*ဤ ၃ ပါးမှာ မနောဒုစရိုက်။*

*ဤဒုစရိုက် ၁၀ ပါးကို ရှောင်လျှင် သုစရိုက် ၁၀ ပါး ဖြစ်၏။*

---

**အနိစ္စ ဆောင်ပုဒ်လင်္ကာ**

အနိစ္စဟု၊ လက္ခဏာသညာ၊ ဤခန္ဓာကား၊ ရှည်ကြာမမြဲ၊ မိဝမ်းထဲ၌၊ စွဲယူသန္ဓေ၊ ကံကြောင့်နေ၍၊ ရေကြည်ကလလ၊ တည်ပြီးမှလျှင်၊ ပျက်ထကြိမ်ဖန်၊ တော်ကြားပြန်၏၊ တစ်တန်အဟုတ်၊ သည်ကဆုတ်သော်၊ ရေမြှုပ်သို့ကျ၊ ပျက်ပြန်ရ၍၊ ထိုကတစ်ခါ၊ ရင့်ခဲ့မာသော်၊ လူ့ရွာလူ့ဘောင်၊ လုပ်ဆောင်ကုန်သွယ်၊ ရောင်းဝယ်ဖောက်ကား၊ သွားလာသမျှ၊ ကိစ္စကုန်စင်၊ မပြီးခင်၌၊ မျက်မြင်ထင်လင်း၊ တစ်ပိုင်းကြွင်းနှင့်၊ ငြင်းထွက်ခါရုန်း၊ ပုန်းလည်းမဝေး၊ ပြေးလည်းမလွတ်၊ ရှိညွှတ် ဦးတင်၊ ချမ်းသာအင်ကို၊ ရွှေစင် ကိုယ်ဖိုး၊ ပဏ္ဏာထိုးလည်း၊ တံစိုးမထောက်၊ သေမင်းနောက်သို့၊ ကောက်ကောက်လည်းပါ၊ လိုက်ရရှာသည်၊ ချစ်စွာမယား၊ သမီးသားနှင့် ဆွေသားမျိုးစင်၊ မိမိလင်ကို၊ ယူငင်မရ၊ သင်္ချိုင်းဝသို့၊ ပုပ်လှအကောင်၊ ဖူးဖူးရောင်ကို၊ မီးလောင်တိုက်ထဲ၊ တံစူးစွဲ၍၊ ညှဉ်းဆဲဖုတ်မြိုက်၊ မီးပြင်းတိုက်လည်း၊ ဆိုက်ဆိုက်သင်္ဂြိုဟ်၊ ငါ၏ ကိုယ်ကို၊ အိုအိုအနိစ္စ၊ သင်္ခါရဟု၊ ကြေမွပျက်ဆွေး၊ မီးသွေးနှင့်ပြာ၊ များစွာသဘော၊ အရောရောကို၊ တွေးတောသမှု၊ ဆင်ခြင်ရှုသော်၊ တစ်ခုမမြဲ၊ သံသာဝဲ၌၊ ဖြစ်မြဲမုချ၊ စိုးမရသည် ... အနိစ္စဟူသည် ခန္ဓာကိုယ်။

---

mgyoe.com

mgyoe.com


## ဒုက္ခ ဆောင်ပုဒ်လင်္ကာ

ဒုက္ခဟူသည်၊ ဆာပူကြေကွဲ၊ ကျင်မမြဲသည်။ ဆင်းရဲတတ်စွာ၊ ဤခန္ဓာကား၊ ကြမ္မာယိုဖိတ်၊ စုတိစိတ်ဖြင့်၊ ပဋိသန္ဓေ၊ စွဲယူနေ၍၊ ကြီးထွေဒုက္ခ၊ ဆယ်လတိုင်တိုင်၊ မေ့မှိုင်ညှိုးပျောင်း၊ မိဝမ်းခေါင်း၌၊ အောင်း၍ နေစဉ်၊ မွေးမိခင်တို့၊ အချဉ်အငန်၊ အဖန်အခါး၊ ရသာများကို၊ စားလတ်တံ့ဘိ၊ ကိုယ်လုံးရှိ၍၊ မီးကြီးအတူ၊ ပူလည်းပူဆာ၊ နာလည်းနာကျင်၊ ယူပါငင်ပါ၊ ကယ်ပါဖြိုင်ဖြိုင်၊ မခိုင်ညှိုးနွမ်း၊ ကြာနေလှန်းသို့၊ ပင်ပန်းဒုက္ခ၊ ခံရခါခါ၊ ညောင်းညာကုပ်ကွေး၊ သွေးရေပြင်ပြင်၊ မစင်လိမ်းကျံ၊ ညှီနံပုပ်ဟောင်၊ တိုက်တွင်းလှောင်သို့၊ ဆောင့်ဆောင့်ထိုင်နေ၊ လက်ခြေကွေးတွန့်၊ တလွန့်လွန့်နှင့်၊ သက်စွန့်ကြိုးစား၊ ကြီးမားဝြားလည်း၊ ဖွားလတ်တံ့မူ၊ လက်နှင့်ယူ၍၊ အသူတရာ၊ နက်စွာတွင်းဝယ်၊ မတာတွယ်ဘဲ၊ နှိပ်နယ်ပြင်းပ၊ ဓောက်ထိုးကျသို့၊ ဒုက္ခမျက်မြင်၊ စားချင်အစာ၊ ပေးပါဆိုဝြား၊ စကားမတတ်၊ ပြိတ္တာရပ်က၊ ငတ်မွတ်သဖွယ်၊ ကိုးကွယ်မရ၊ ဆင်းရဲရလျက်၊ ဒုက္ခပူပြင်း၊ ခံရခြင်းကား၊ ဆင်းရဲခေါင်ထိ၊ နာတုံ့ဘိလည်း၊ မချိလောင်ချေ၊ သည်းရိုး ကြေမျှ၊ သေရ သည်ထက်၊ ဆင်းရဲနက်၏၊ တစ်သက်ထိုတွင်၊ ချမ်းသာအင်ကို၊ ဆံမျှင်တစ်တန်း၊ နှမ်းတစ်လုံးမျှ၊ ရှာမရသည် … ဒုက္ခဟူသည် ခန္ဓာကိုယ်။

---

## အနတ္တ ဆောင်ပုဒ်လင်္ကာ

အနတ္တဟု၊ တွင်းပ ထိုထို၊ ငါ၏ ကိုယ်သည်၊ ဇလိုဇလာ၊ စုံစမ်းရှာသော်၊ မျက်နှာ ပါးပြင်၊ ကျော ရင် ခြေ လက်၊ နားရွက်

mgyoe.com

mgyoe.com



နှာခေါင်း၊ ဦးခေါင်း မျက်စိ၊ တွင်ဘိသညာ၊ ခြင်းရာတစ်ခု၊ အစုစုကို၊ ကိုယ်ဟုခေါ်ရာ၊ မရပါ၍၊ ကေသာအစ၊ ဒွတ္တိံသနှင့်၊ မတ္ထလုင်္ဂ၊ ရှာဖွေပြန်သော်၊ ဆံ အမွေး သွား၊ အသား အရေ၊ အူခွေ အူမ၊ ရှုပ်လှရောနှော၊ အကြော အရိုး၊ ရိုးတွင်းခြင်ဆီ၊ နံညှီသောင်းသောင်း၊ မြင်မကောင်းသား၊ စာဟောင်းစာသစ်၊ ဖွဲ့လစ်အမြေး၊ ရောထွေး အဖျဉ်း၊ မယွင်းနှလုံး၊ ပျက်ပြုန်း သွေးခဲ၊ ချွဲ သလိပ် ပြည် ဆီကြည် ဆီခဲ ကပ်တွဲအစေး၊ သည်းခြေ ကျင်ငယ်၊ အသွယ်သွယ်ဖွဲ့၊ သုံးဆယ့်နှစ်ခု၊ ဤအစုလည်း၊ ကိုယ်ဟုမရ၊ အသုဘသာ၊ ရွံစရာဟု၊ ဣရိယာပုထ်၊ ငါမဟုတ်သား၊ ယုတ်ဆိုးမကောင်း၊ သောင်းပြောင်းနုတ်လူ၊ ကြီးသူငယ်သား၊ ယောက်ျား မိန်းမ၊ အနန္တရှိ၊ တိုင်းမသိဘဲ၊ သတိပိုက်ထား၊ သူ့မယားနှင့်၊ သူ့သားသူ့လင်၊ ရှုဖွယ်မြင်သော်၊ ဘယ်တွင်လေးမြတ်၊ အာရုံတပ်၍၊ မအပ်သင့်တင့်၊ ရွေးချယ်ချင့်သော်၊ ချစ်ခင်ပေါင်းမျှောင်၊ အကောင်ပုပ်သိုး၊ မစင်အိုးကို၊ မြတ်နိုးသမှု၊ တန်းဆာပြုအံ့၊ လှလှစိတ်မှာ၊ မသာယာဘဲ၊ ရှောင်ခွာဝေးဝေး၊ ထွက်ပြေးမြန်မြန်၊ ညှီနံ ပုပ်ဟောင်၊ တန်ဆောင်ညှိုးချုပ်၊ ပမာထုတ်သော်၊ ရေမြှုပ်ရေပွက်၊ မျက်စိပေါ်တွင်၊ တံလျှပ်မြင်သို့၊ ငါးအင်ခန္ဓာ၊ စုတေခါမှ၊ အနှစ်သာရ၊ ဘာမျှမရှိ၊ စွဲဘိဝိညာဉ်၊ ပျက်ခဲ့လျှင်လည်း၊ ဘယ်တွင်အားလုံး၊ ငှက်ပျောတုံးသို့၊ အသုံးမကျ၊ တစ်ရက်ကကို၊ ကြာစွနှစ်ရက်၊ သုံးရက်မခံ၊ အော့အန်မူးဝေ၊ ရှိလို့နေအောင်၊ သွေးရေပြင်ပြင်၊ ရှိသည်အင်ကို၊ ယင်တလောင်းလောင်း၊ မြင်မကောင်းအောင်၊ ထောင်းထောင်းကိုက်စား၊ လောက်ဖွားဖွားနှင့်၊ တစ်ပါးသူကို၊ မဆိုသာဘိ၊ ကိုယ့်ဉာတိနှင့်၊ မိဘပေါက်ဖော်၊ တော်စပ်ခြင်းရာ၊ ဆွေတကာပင်၊ မကြည့်ချင်အောင်၊ အမြင်မတော်၊ မမျှော်ရက်ရက်၊ ရုပ်သွင်ပျက်လှ၊

mgyoe.com

mgyoe.com



ဘယ်တွင်မှလည်း၊ ကောင်းစွမရှိ၊ နှစ်တိမပါ၊ အကာမောက်မို၊ ငါ ၏ကိုယ်ဟု၊ စွဲဆိုစရာ၊ မရပါလျက်၊ ကြမ္မာဆိုးလှ၊ လမ်းဆုံးကျသည် … အနတ္တဟူသည် ခန္ဓာကိုယ်။

---

## ရုပ်နာမ်ချုပ်ငြိမ်း ချမ်းသာကိန်း

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။

ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်း တရား လေးပါးတို့ ပြုပြင်သမျှ၊ စီရင်သမျှ ခံနေရကုန်သော ရုပ်နာမ် နှစ်ပါး သင်္ခါရတရားတို့သည် ဝတ၊ မုချစင်စစ်။ အနိစ္စာ၊ အမြဲမရှိ ကုန်။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ကာပျက်ကာ ဓမ္မတာသဘောအတိုင်း ဖြစ်ကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ယုတ်ပျက်စီး ရကုန်၏။ တေသံ၊ ထိုရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၏။ ဝူပသမော၊ စင်စစ် ချုပ်ငြိမ်း ဘုံဇာတ်သိမ်းခြင်းသည်။ သုခေါ၊ ချမ်းသာအမှန် ပြည်နိဗ္ဗာန်ကြီးပင်တည်း။

---

## သေချိန်ကို မသိနိုင်

အဇ္ဇေဝ ကိစ္စံ အာတပ်၊ ကောဇညာ မရဏံ သုဝေ။

န ဟိ နော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ။

အာတပ်၊ ပြုဖွယ်ကိစ္စ ကုသိုလ် ဟူသမျှကို။ အဇ္ဇေဝကိစ္စံ၊ ယနေ့ကပင် ကြိုတင်၍ ပြုအပ်၏။ သုဝေ မရဏံ၊ နက်ဖြန်ကျမှ

mgyoe.com

mgyoe.com


သေရမည်ဟူ၍။ ကောဇညာ၊ မည်သူ တစ်ဦးတစ်ယောက် ထွင်းဖောက်၍ သိနိုင်ပါမည်နည်း။ မဟာသေနေန၊ များသောစစ်သည် အခြံအရံရှိသော။ တေနမစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ကရံ၊ နှစ်ဦးသဘောတူ အချိန်းအချက် စကားဆက်သွယ်ခြင်းသည်။ န ဟိ၊ မရှိသည်သာလျှင်တည်း။

---

## လယ်တီဆရာတော်ဘုရားကြီး ဆုံးမစာ

ဆိုပိမ့်မညာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်ဌာ၊ နင်ကြုံကြိုက်လည်း၊ အမိုက်မခြွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ယီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်။ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးလျက်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏။ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်ရွေ့၊ ယခုတွေ့လည်း၊ အလေ့မလွဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင့်နှင့်၊ မိုက်စရှင်၏။ ။ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏။ ။ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏။ ။ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သန္တာန်ကို၊ နင့်ဉာဏ်မစူး၊ အပျော်မြူးလျက်၊ မူးမူးမေ့မေ့၊ အများ လေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့ကုန်ပြီ။ ။ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရ ရ၊ နင်အားကျလည်း၊ စားပြသေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။

mgyoe.com

mgyoe.com


ယီးတီးယားတား၊ သေ၍ သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တစ်သက်နွယ်နွယ်၊ အမြစ်တွယ် သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည် ... နင်လိုလူမိုက်သွားလမ်းတည်း။

---

## မြဝတီဆရာတော်ဘုရား ဆုံးမစာ

စေ့စေ့တွေးရန်၊ အကြောင်းပြန်အံ့၊ ဉာဏ်နှင့်အောက်ထက်၊ စာနာတွက်လျှင်၊ နင့်သက်နင့်အိမ်၊ နင့်စည်းစိမ်ကား၊ မိုးတိမ်လျှပ်နွယ်၊ ပုံသောကြယ်နှင့်၊ ကြာနှယ်ရေခြောက်၊ သေမီးတောက်သို့၊ ပျောက်ပျက်လွယ်စွာ၊ နင့်ခန္ဓာကြောင့်၊ နင့်ဟာနင့်အိမ်၊ နင့်စည်းစိမ်နှင့်၊ နင့်စိန်နင့်ရွှေ၊ နင့်ငွေနင့်လယ်၊ နင့်ဝယ်ကျွဲနွား၊ နင့်စပါးနှင့်၊ နင့်သားသမီး၊ အထင်ကြီးလျက်၊ ပျက်စီးမည့်ရန်၊ နင်မကြံဘဲ၊ မြဲမြဲခိုင်ခံ့၊ မသေအံ့သို့၊ မဆုံ့ကျိုကြံ၊ ပေါများလှလည်း၊ မရအားပါး၊ ဥစ္စာပွားအောင်၊ များလေလိုလေ၊ နင့်စိတ်နေကား၊ သေသည်ကာလ၊ ပစ်ခဲ့ရ၍၊ ပြိတ္တာ့ဘုံခွင်၊ နင့်ကိုင်လိမ့်၊ ရှင်သည်ခါက၊ ဤဘဝလည်း၊ ဒုက္ခရန်ဘေး၊ များအောင်မွေးသို့၊ မပေးစွန့်ရက်၊ ညောင်ပင်ထက်ဝယ်၊ ငှက်မယှတူ၊ မချွေထူလည်း၊ အောက်မူငရဲ၊ နင့်ကိုဆွဲလိမ့်၊ စွန့်ကြံနိုင်မှု၊ ချမ်းသာဟူသား၊ နတ်လူနိဗ္ဗာန်၊ ဧကန်မလွဲ၊ နင်ရမြဲဟု၊ ဆင်းရဲငြိမ်းချမ်း၊ ဤနှစ်လမ်းကို၊ ခွဲခြမ်းအဟုတ်၊ နင့်ဉာဏ်ထုတ်လော့၊ နင့်ရုပ်နင့်နာမ်၊ သေလွယ်ဟန်လည်း၊ နက်ဖန်သန်ဘက်၊ သိမြင်ခက်၍၊

mgyoe.com